**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၅ ခုနှစ် ဩဂုတ်လကုန်တွင် မြန်မာနိုင်ငံအကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားစုစုပေါင်း ၁၀၈ ဦး ဆက်လက်ထိန်းသိမ်းခံနေရပြီး နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၄၅၉ ဦးတို့သည် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပါသည်။

# ဩဂုတ်လ ၂၀၁၅ ခုနှစ်၊ နိုင်ငံရေးအကျဉ်းသားများအခြေအနေပြ လစဉ် အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ်တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- မီဒီယာများမှ AAPP ၏ လှုပ်ရှားမှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

ယခုလတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူစုစုပေါင်း ၁၆ ဦး ဖမ်းဆီးခံရပြီး ထို ၁၆ ဦး ထဲမှ ၂ ဦးသည် လက်ရှိအချိန်တွင် အကျဉ်းချခံထားရသည်။ နိုင်ငံရေးလှုပ်ရှားသူ ၁၁ ဦး ထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး နိုင်ငံရေး အကျဉ်းသား ၁၂ ဦး ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ နိုင်ငံရေး အကျဉ်းသား ၄ ဦးမှာ ကျန်းမာရေးဆိုးဝါးလျက်ရှိကြောင်း သိရှိရသည်။

လက်ပံတန်းအဖမ်းဆီးခံကျောင်းသားများကို ဥပဒေကြောင်းအရ ကာကွယ်မှုပေးနေသည့်အဖွဲ့က ကျောင်းသားများကို အကြမ်းဖက်ဖြိုခွဲ ဖမ်းဆီးပြီးနောက် တရားမဝင်ဘဲ ၂၄ နာရီ ထိန်းသိမ်းချုပ်နှောင်ထားခဲ့သည့် ဟူသောစွဲချက်ဖြင့် ရဲအရာရှိနှစ်ဦးကိုပြန်လည်တရားစွဲဆိုမှုတင်သွင်းခဲ့ရာ သာယာဝတီတရားရုံးက ဩဂုတ်လ ၁၁ ရက်နေ့တွင် ပယ်ချခဲ့သည်။ ထို့ပြင် အထိန်းသိမ်းခံကျောင်းသား ၁၀ ဦး၏ အာမခံလျှောက်ထားမှုကိုလည်း ပယ်ချခဲ့သည်။

အကြမ်းဖက်ဖြိုခွဲခံခဲ့ရသည့် လက်ပံတန်းကျောင်းသားသပိတ်မှ ဖမ်းဆီးထားသောကျောင်းသားများကို ပြန်လွှတ်ပေးရန်အတွက် ရတနာပုံ တက္ကသိုလ် ကျောင်းမုခ်ဦးတွင်မှုတ်ဆေးဖြင့် စာရေးသားဆန္ဒထုတ်ဖော် ခဲ့သည့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ဝင် ကိုနိုင်ရဲဝေ၊ ကိုဂျစ်တူး၊ ကိုဉာဏ်လင်းထက်နှင့် ကိုအောင်ဆန်းဦးတို့ကို အမရပူရရဲစခန်းက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီးနောက် အဆိုပါကျောင်းသား များက စက်တင်ဘာလတွင်ဖြေဆိုရမည့်စာမေးပွဲအတွက် အာမခံ တင် သွင်းခဲ့ရာတွင် ပယ်ချခံခဲ့ရသည်။ အာမခံပယ်ချသည့် ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ရတနာပုံတက္ကသိုလ်ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌ ကိုနိုင်ရဲဝေကအစာငတ်ခံဆန္ဒပြခဲ့ရာ ထောင်အာဏာပိုင်များက ကျောင်း သားများကို တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ရတနာပုံကျောင်းသား သမဂ္ဂအဖွဲ့ဝင်ကျောင်းသားများကလည်း ကျောင်းသားလေးဦး၏ စာမေး ပွဲဖြေဆိုခွင့်ရရှိရန် အာမခံလျှောက်ထားမှုကို ထောက်ခံသောအားဖြင့် စာမေးပွဲကိုသပိတ်မှောက်သွားမည်ဖြစ်ကြောင်းကြေညာခဲ့ပြီး တနိုင်ငံလုံး အတိုင်းအတာဖြင့်ကျောင်းသားဆန္ဒပြမှုများကို ပိုမိုပြုလုပ်သွားမည်ဖြစ် ကြောင်း တုံ့ပြန်ပြောကြားခဲ့သည်။

ပညာရေးဥပဒေကိုဆန့်ကျင်ဆန္ဒပြခဲ့သည့် ကျောင်းသားများကို မတ်လ တွင် လက်ပံတန်း၌ အကြမ်းဖက်ဖြိုခွဲခဲ့သည့် ရဲတပ်ဖွဲ့များအား ဥပဒေ ကြောင်းအရ အရေးယူအပြစ်ပေးရန် အထိန်းသိမ်းခံကျောင်းသား ၆၀ နီးပါးက တောင်းဆိုခဲ့ကြသည်။ ရဲတပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းစွာ ဆန္ဒပြနေသည့် ကျောင်းသားများကို မလိုအပ်ဘဲအကြမ်းဖက်ဖြိုခွဲခဲ့ပြီး ကျောင်းသားနှင့်ဝန်းရံပြည်သူ ၁၂၇ ဦးကိုဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ပစ္စည်းဥစ္စာများကိုဖျက်ဆီးခြင်း၊ ကျောင်းသားများကို နံပါတ်တုတ် များဖြင့် အကြမ်းဖက်ရိုက်နက်မှုကြောင့် ပြင်းထန်သည့်ဒဏ်ရာများ ရရှိခြင်းများအတွက် ရဲတပ်ဖွဲ့ဝင်များတွင် တာဝန်ရှိသောကြောင့် ဥပဒေ ကြောင်းအရ အရေးယူအပြစ်ပေးစေလိုကြောင်း ကျောင်းသားများက လက်မှတ်ထိုးတောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု ကျောင်းသားများ၏ ရှေ့နေ ခေါ်ခင်ခင်ကျော်က ပြောကြားခဲ့သည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်း သူ မစ္စရန်ဟီလီသည် သူ၏တတိယအကြိမ်မြောက်မြန်မာနိုင်ငံခရီးစဉ်ကို ဩဂုတ်လတွင် လာရောက်ခဲ့ပြီး ခရီးစဉ်အပြီးတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ များ၊ ဂျာနယ်လစ်များကိုဖမ်းဆီးခြင်းများနှင့်ပတ်သက်ပြီး ထုတ်ဖော်ပြောဆိုခဲ့ ကာ ငြိမ်းစုစီးပုဒ်မ ၁၈ နှင့် ပုဒ်မ ၅၀၅ (ခ) တို့အပေါ် ဝေဖန်မှုများပြုလုပ်ခဲ့သည်။ ထို့ပြင် ဖမ်းဆီးခံလက်ပံတန်းကျောင်းသားများနှင့်ဝန်းရံပြည်သူများကို ချက်ချင်း လွှတ်ပေးရန်၊ ကျောင်းသား၊ တက်ကြွလှုပ်ရှားသူ၊ လယ်သမား၊ အလုပ်သမား များကို တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ဖမ်းဆီးသည့်အပြုအမူများနှင့် လွတ် လပ်စွာ ဆန္ဒထုတ်ဖော်သည့်အတွက် တရားရုံးများတွင် တရားစွဲဆိုခြင်းများကို ချက်ချင်းအဆုံးသတ်ရန် တောင်းဆိုခဲ့သည်။

*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၇ရက်၊ UNIC ရန်ကုန်*
*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၈ ရက်၊ ဒီဗွီဘီ*
*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်၊ မဇ္ဈိမ*
*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ ဧရာဝတီ*
*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ အာရ်အက်ဖ်အေ*

# ထိန်းသိမ်းခံရခြင်းများ

**၈၈ ကရင်မျိုးဆက် ကျောင်းသားအစည်းအရုံးဥက္ကဌဖမ်းဆီးထိန်းသိမ်းခံရ**

ကရင်ပြည်နယ်ဘားအံမြို့မှ ၈၈ကရင်မျိုးဆက်ကျောင်းသား အစည်းအရုံး ဥက္ကဌဦးစောမောင်ကြီးကို ကရင်သောင်းကျန်းသူကို ကူညီသည်ဟူသောစွဲချက်ဖြင့်ဩဂုတ်၇ရက်နေ့ညပိုင်းတွင် ရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ဦးစောမောင်ကြီးအား မတရားအသင်းဆက်သွယ်မှု ပုဒ်မ ၁၇(၁) ဖြင့်တရားစွဲဆိုခဲ့ပြီး အပြစ်ရှိကြောင်းတွေ့ရှိပါက ထောင်ဒဏ် ၂ နှစ်မှ ၃ နှစ်အထိအထိကျခံရမည်ဖြစ်သည်။ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဦးစောမောင်ကြီးအား ဒီမိုကရေစီအကျိုးပြုကရင့်တပ်မတော်အဖွဲ့ဝင် စောအယ်စေးနှင့်ဆက်နွယ်မှုရှိသည်ဟု စွပ်စွဲကာဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး ၎င်းတို့နှစ်ဦးအား ဘားအံမြို့မရဲစခန်းတွင် ထိန်းသိမ်းထားသည်။

ဦးစောမောင်ကြီး၏ ဇနီးဒေါ်နန်းမြရီက ပြောကြားရာတွင် DKBA တပ်သားစောအယ်စေးက စောမောင်ကြီးနှင့် ၂နှစ်ခန့်နေဖူးပြီးလက်နက်များကို စောမောင်ကြီးထံအပ်နှံထားသည်ဟုပြောသောကြောင့် အာဏာပိုင်များက ဩဂုတ်လ(၇)ရက် ညအချိန်တွင် ဝင်ရောက်ဖမ်းဆီးပြီး လက်နက်များကို ရှာဖွေခဲ့ခြင်းဖြစ်သည် ဟုဆိုသည်။ ဦးစောမောင်ကြီးမှ လက်နက်များကို ထိန်းသိမ်းထားခြင်းမရှိသည့်အပြင် ထိုတပ်သားကိုလည်း မသိရှိကြောင်းပြောဆိုခဲ့သည်။

ဦးစောမောင်ကြီးနှင့်အတူ ၈၈ ကရင်မျိုးဆက်ကျောင်းသားအစည်းအရုံး အဖွဲ့ဝင် ၈ ဦးကိုလည်းဖမ်းဆီးထားပြီး ၎င်းတို့ ၈ ဦးအား ဧည့်စာရင်းမတိုင်သည့်အတွက် ဒဏ်ငွေ ငါးထောင် ပေးဆောင်စေခဲ့ပြီး အချုပ်မှ ပြန်လွှတ်ခဲ့သည်။ စောမောင်ကြီးနှင့်စောအယ်စေးတို့အား ဘားအံမြို့မရဲစခန်းတွင်ချုပ်နှောင်ထားဆဲဖြစ်ပြီး ဩဂုတ် ၂၁ ရက်နေ့တွင် ဘားအံမြို့နယ်တရားရုံး၌ ပထမအကြိမ်ရုံးထုတ်စစ်ဆေးခဲ့သည်။

*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ Human Rights Watch (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊ ကရင့်သတင်း (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ ဒီဗွီဘီ*

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**တစ်ကိုယ်တော်ဆန္ဒပြသူထောင်ဒဏ် ၄ လ ချမှတ်ခံရ**

လက်ရှိအချိန်တွင် ပြည်အကျဉ်းထောင်၌ အကျဉ်းချခံထားရသူ တစ်ကိုယ်တော်ဆန္ဒပြသမားကိုဝင်းလှိုင်ကို ဩဂုတ်လ ၂၇ ရက်နေ့က ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် ၄ လ ထပ်မံချမှတ်ခဲ့သည်။ ကိုဝင်းလှိုင်သည် ပုဒ်မ ၁၈ ဖြင့် နောက်ထပ်(၇)မှုကို လည်း တရားရင်ဆိုင်နေရဆဲဖြစ်သည်။

*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်*

**သင့်တင့်မျှတသော လုပ်ခရရှိရေးနှင့် မတရားအလုပ်ထုတ်ပယ်ခြင်းများအတွက် ဆန္ဒပြသည့် စက်ရုံအလုပ်သမားများ ထောင်ဒဏ်လေးလ ချမှတ်ခံရ**

မဝင်းပပ၊ မခိုင်စံပါယ်ဦးနှင့် ကိုနိုင်ငွေးလွင်တို့ သုံးဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာဥပဒေအား ချိုးဖောက်ခြင်းအတွက် တရားစွဲဆိုခဲ့ကာ တစ်နှစ်နီးပါးကြာပြီးနောက် ဩဂုတ်လ ၁၇ ရက်နေ့တွင် ထောင်ဒဏ်များချမှတ်ခဲ့သည်။ ထောင်ဒဏ်ချမှတ်ခံရသူများသည် Ford Glory အထည်စက်ရုံမှ အလုပ်သမားများဖြစ်ကြပြီး၊ ရွှေပြည်သာစက်မှုဇုံရှိစက်ရုံ ၅ ခုမှ အလုပ်သမားများအားမတရားသဖြင့် အလုပ်မှထုတ်ပယ်မှုနှင့် မမျှတသည့် နေ့စားခများကိုဆန့်ကျင်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

ကိုနိုင်ငွေးလွင်၊ မဝင်းပပနှင့် မခင်စံပါယ်ဦးတို့သုံးဦးသည် ဆန္ဒပြခွင့်အား အစီအစဉ်အတိုင်းမလိုက်နာမှု၊ ဆူပူအောင်လှုံ့ဆော်မှု၊ ဆူပူမှုတွင်ပါဝင်မှုနှင့် ခွင့်ပြုချက်မရရှိပဲ ဆန္ဒပြမှုတို့ကြောင့်ဖမ်းဆီးတရားစွဲခံရပြီး၊ ပြီးခဲ့သည့် နိုဝင်ဘာလ အလုပ်သမားဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့်အတွက် အကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီးနောက် ယခုအခါတွင် ထောင်ဒဏ် လေးလချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ထို့အပြင် ၎င်းတို့သုံးဦးသည် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် ပြုလုပ်ခဲ့သည့် ဆန္ဒပြပွဲများနှင့်စပ်လျဉ်းသည့် အမှုများအတွက် အကျဉ်းထောင်အတွင်းမှနေ၍ ဆက်လက်တရားရင်ဆိုင်နေရဆဲဖြစ်သည်။

*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)*

**လက်ပံတောင်းကြေးနီစီမံကိန်းအရေး ဆန္ဒပြသူများနောက်ထပ် ထောင်ဒဏ် လေးလချမှတ်ခံရ**

၂၀၁၅ ခုနှစ်၊ မေလတွင် ထောင်ဒဏ် ၄ နှစ်နှင့် လေးလချမှတ်ခြင်းခံခဲ့ရသည့် ကိုနေမျိုးဇင်၊ ဒေါ်နော်အုန်းလှ၊ ကိုတင်ထွဋ်ပိုင်နှင့် ကိုသန်းဆွေ၊ တက်ကြွလှုပ်ရှားသူနောက်တစ်ဦးဖြစ်သူဦးဘမြင့်တို့အားအလုံမြို့နယ်တရားရုံးမှ ဩဂုတ်လ ၂၀ ရက်နေ့တွင် ထပ်မံ၍ ထောင်ဒဏ် လေးလချမှတ်ခဲ့သည်။ စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း ဆန္ဒပြမှုအတွင်း ရဲများ၏လက်ချက်ဖြင့် လက်ပံတောင်းဒေသခံကျေးရွာသူ ဒေါ်ခင်ဝင်း သေဆုံးရခြင်းကို အမှုမှန်ပေါ်ပေါက်ရေးအတွက် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဆန့်ကျင်ဆန္ဒပြခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီးတက်ကြွလှုပ်ရှားသူ ၅ ဦးတို့အားလတ်တလောတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ်များချမှတ်ခဲ့သည်။

ကနဦးတွင် ၎င်းတို့အားပုဒ်မ ၃၅၃၊ ပုဒ်မ ၁၄၇နှင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ)၊ ပုဒ်မ ၁၈ တို့ဖြင့် ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်တရားရုံးမှ ထောင်ဒဏ်များချမှတ်ခဲ့ပြီးဖြစ်သည်။
ကိုနေမျိုးဇင်၊ ဒေါ်နော်အုန်းလှ၊ ကိုတင်ထွဋ်ပိုင်၊ ဦးဘမြင့်နှင့် ကိုသန်းဆွေတို့သည် အခြားတရားရုံးများတွင်လည်း ဆက်လက်တရားရင်ဆိုင်နေရပြီး၊ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင်၊ ပုဒ်မ ၁၈ အတွက် ကျောက်တံတားမြို့နယ် တရားရုံး၌ ထပ်မံတရားရင်ဆိုင်ရမည်ဖြစ်သည်။

*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*

# ထောင်မှလွတ်မြောက်မှုများ

### ဒေါ်စုစုနွေး ချုပ်ရက်ဖြင့် ပြန်လည် လွတ်မြောက်

ဇူလိုင်လ ၂၃ ရက်နေ့တွင် ဒေါ်စုစုနွေးသည်ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး ပိုင်နက်ကျူးလွန်မှုပုဒ်မ ၄၄၇ အရအလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၅ ရက် ချမှတ်ခံခဲ့ရသည်။ သို့သော် ဒေါ်စုစုနွေးသည် အမှုရင်ဆိုင်နေစဉ်အတွင်း ချုပ်ရက်များရှိသောကြောင့် ဩဂုတ်လ ၁၇ ရက်နေ့တွင် ပြန်လည် လွတ်မြောက်ခဲ့သည်။

ဒေါ်စုစုနွေးသည် မြန်မာနိုင်ငံတောင်သူလယ်သမားသမဂ္ဂ၏ ဦးဆောင်သူတစ်ဦးဖြစ်ပြီး လယ်ယာမြေအခွင့်အရေးလှုပ်ရှားသည့် ထင်ရှားသော တက်ကြွလှုပ်ရှားသူတစ်ဦးလည်းဖြစ်သည်။ သူမသည်ယခင် စစ်အစိုးရ လက်ထက်တွင်ရွာသားများထံမှသိမ်းယူထားသောမြေယာများ ပြန်လည် ရရှိရေးအတွက် စစ်တပ်နှင့်ရွာသားများအကြားစေ့စပ်ညှိနှိုင်း ပေးနေသူ လည်းဖြစ်သည်။

ဒေါ်စုစုနွေး ပြန်လည်လွတ်မြောက်လာသော်လည်း ငြိမ်းချမ်းစွာစုဝေး ခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ပုဒ်မ ၁၈ ဖြင့် အမှုရင်ဆိုင် နေရဆဲဖြစ်သည်။

*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်၊ FIDH (အင်္ဂလိပ်)*

### သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လယ်သမားငါးဦး ပြန်လည် လွတ်မြောက်

စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်ရှိလယ်သမားငါးဦးသည် ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရ သမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသောအကျဉ်းသား ၆၉၆၆ ဦးထဲတွင် ပါဝင်ခဲ့သည်။ AAPP ၏ သတင်းအရင်းအမြစ်များအရ ဦးဝင်းဘို၊ ဦးစိန်ထွန်း၊ ဦးလှမိုး၊ ဦးဇော်မင်းတို့သည် အကျိုးဖျက်ဆီးမှုပုဒ်မ ၄၂၇ ဖြင့် ထောင်ဒဏ် နှစ်နှစ်စီ ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ဦးမြလင်းသည် အကျိုးဖျက်ဆီးမှု ပုဒ်မ ၄၂၇ အရ ထောင်ဒဏ် တစ်နှစ်နှင့် ခြောက်လ ပြစ်ဒဏ်ချမှတ်ခံခဲ့ရကာ ၎င်းတို့သည် ဇူလိုင်လ ၃၀ ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။ ဦးဝင်းဘိုနှင့် ဦးစိန်ထွန်းတို့သည် မြင်းခြံထောင်မှ လည်းကောင်း၊ ဦးလှမိုးနှင့် ဦးဇော်မင်းတို့သည် တောင်ငူထောင်မှ လည်းကောင်း၊ ဦးမြလင်းသည် ညောင်ဦးထောင်မှ လည်းကောင်း ပြန်လည် လွတ်မြောက် ခဲ့ကြသည်။

### နိုင်ငံရေးအကျဉ်းသားနှစ်ဦး ပြန်လည်လွတ်မြောက်

ရာဇသတ်ကြီး ပုဒ်မ ၅၀၅ (ခ) ဖြင့်တရားစွဲဆိုခံရပြီး ထောင်ဒဏ် ချမှတ်ခံခဲ့ရသော နိုင်ငံရေးအကျဉ်းသားနှစ်ဦး ဩဂုတ်လတွင် လွတ်မြောက်လာခဲ့သည်။ ပဲခူးတိုင်း၊ ပြည်မြို့နယ်တွင် နေထိုင်သူ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂအဖွဲ့ဝင်တစ်ဦးနှင့် လယ်ယာ မြေအခွင့်အရေးလှုပ်ရှားသူ ကိုသန့်ဇင်ထက်တို့သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပေါင်းတည်ထောင်မှ လွတ်မြောက်ခဲ့သည်။

ကိုသန့်ဇင်ထက်သည် မန္တလေးမှရန်ကုန်သို့ချီတက်လာသော ဆန္ဒပြကျောင်းသား များအားကြိုဆိုရန်စုရုံးမှုဖြင့် ဖေဖော်ဝါရီလ၈ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီး ပုဒ်မ ၅၀၅(ခ) ဖြင့် ဇူလိုင်လ ၃၀ ရက်နေ့တွင်ထောင်ဒဏ် ၆ လ ချမှတ် ခံခဲ့ရသည်။ ဦးညွန့်ရွှေသည် ပုဒ်မ ၅၀၅(ခ) ဖြင့်ထောင်ဒဏ်နှစ်နှစ်ချမှတ်ခံခဲ့ရပြီး ယခုလတွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။

### လယ်သမားသုံးဦး ပြည်ထောင်မှ ပြန်လည်လွတ်မြောက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ပုဒ်မ ၄၃(က)ဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံခဲ့ရသောဦးမောင်လွင်၊ ဦးအောင်တင်ဝင်းနှင့် ဦးတင်လှတို့သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ပြည်ထောင်မှ လွတ်မြောက်လာခဲ့သည်။ ဦးမောင်လွင်သည် ၃ နှစ်ပြစ်ဒဏ်ကိုလည်းကောင်း၊ ဦးအောင်တင်ဝင်းနှင့် ဦးတင်လှတို့သည် ၂ နှစ်နှင့် ၃ လ ပြစ်ဒဏ်ကိုလည်းကောင်း အသီးသီးထောင်ဒဏ်ချမှတ်ခံခဲ့ရပြီး ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် လွတ်မြောက်လာခြင်း ဖြစ်သည်။

### လယ်သမားနှစ်ဦးဖျာပုံထောင်မှ ပြန်လည်လွတ်မြောက်

ဧရာဝတီတိုင်း၊ ကျိုက်လတ်မြို့နယ်ရှိလယ်သမားနှစ်ဦးသည် ဩဂုတ်လတွင် ဖျာပုံထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။ ဦးကျော်မင်းဆွေနှင့် ဦးသန်းနိုင်ဝင်း တို့သည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၃၅ ဖြင့် တရားစွဲဆိုခံခဲ့ရပြီးထောင်ဒဏ် တစ်နှစ် ကျခံခဲ့ရခြင်းဖြစ်သည်။

### တက္ကသိုလ်နည်းပြဆရာတစ်ဦးပုသိမ်ထောင်မှ ပြန်လည်လွတ်မြောက်

ပုသိမ်တက္ကသိုလ်နည်းပြဆရာတစ်ဦးဖြစ်သူ ဦးဝေယံအောင်သည် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့် ပုဒ်မ ၁၈ ဖြင့် မေလ ၂၂ ရက်နေ့တွင် ပြစ်ဒဏ် ၃ လ ချမှတ်ခံခဲ့ရပြီး ဩဂုတ် လ ၁၄ ရက်နေ့တွင် ဧရာဝတီတိုင်း ပုသိမ်ထောင်မှ ပြန်လည်လွတ်မြောက်ခဲ့သည်။

# ထောင်တွင်းအခြေအနေများ

**ဆန္ဒပြကျောင်းသားများအာမခံငြင်းပယ်ခံရခြင်းနှင့် ကျန်းမာရေးပြဿနာများခံစားနေရခြင်း**

၂၀၁၅ ခုနှစ်၊ မတ်လ၌ လက်ပံတန်းကျောင်းသားသပိတ်တွင် ပါဝင်ခဲ့သူ ဆယ်ဦးတို့၏ အာမခံလျှောက်ထားမှုအား ဩဂုတ်လ ၁၁ ရက်နေ့တွင် သာယာဝတီမြို့နယ်တရားရုံးမှ ပယ်ချခဲ့သည်။ ကြားနာမှုအတွင်း ကျောင်းသားများအားဥပဒေကြောင်းအရကာကွယ်ကူညီပေးနေသူများ အဖွဲ့မှဆန္ဒပြသူများအားအာဏာရှင်ဆန်စွာဖမ်းဆီးခဲ့သော ရဲအရာရှိများကို ပြန်လည်တရားစွဲဆိုရန် ကြိုးပမ်းခဲ့သော်လည်းတရားရုံးမှ ယင်းအဆိုကိုလည်း ပယ်ချခဲ့သည်။ DVB သတင်းအရကျောင်းသားနှင့် ဝန်းရံသူ ၅၅ ဦးတို့သည် သာယာဝတီထောင်တွင် အကျဉ်းကျခံနေရဆဲဖြစ်ပြီး ၎င်းတို့ထဲမှ တချို့သည် ဖမ်းဆီးမှုအတွင်းရရှိခဲ့သော ဒဏ်ရာများကြောင့် ဝေဒနာများခံစားရလျက်ရှိ၍ ဆေးဝါးကုသမှုခံယူရန် ငြင်းပယ်ခြင်းခံခဲ့ရသည်။ ၎င်းတို့ထဲတွင် မဟန်နီဦးသည်လည်း ဆေးကုသမှုခံယူရန်လိုအပ်လျက်ရှိပြီး သူမ၏ဖခင်ဖြစ်သူမှ မဟန်နီဦးသည် ချောင်းဆိုး၍ အသက်ရှူရခက်ခဲနေသည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်၊ ဒီဗွီဘီ (အင်္ဂလိပ်)*
*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်၊ ဧရာဝတီ (အင်္ဂလိပ်)*

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**တက္ကသိုလ်များကျောင်းသားသမဂ္ဂအဖွဲ့ဝင် ကျောင်းသားများ ပုဒ်မ ၁၈ ဖြင့် တရားစွဲခံရ**

ဩဂုတ်လ ၂၃ရက်နေ့တွင် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအနီး ဆန္ဒပြမှု ပြုလုပ်ခဲ့သည့် တက္ကသိုလ်များသမဂ္ဂကျောင်းသားများကို ခွင့်ပြုချက်မတင်ဘဲ ပြုလုပ်ခဲ့သည့်အတွက် ငြိမ်းစုစီပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကျောက်တံတားမြို့နယ်ရဲစခန်းမှ ဒုရဲမှူးဝင်းတင်မှ ပြောကြားခဲ့သည်။ တကသအဖွဲ့ဝင် ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသား မင်းသုကျော်နှင့် ဒဂုံတက္ကသိုလ်ကျောင်းသား ဖိုးသားတို့ထံသို့ ပုဒ်မ ၁၈ ဖြင့် စွဲချက်တင်ထားကြောင်းကိုလည်း တရားဝင်စာ ပေးပို့ခဲ့သည်။

တကသကျောင်းသားများက မတရားသည့်ဥပဒေများကို ဆန့်ကျင်ကန့်ကွက်ရန်နှင့် ဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန်အတွက် ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့ဝင်များက အဆိုပါဆန္ဒပြပွဲတွင်ပါဝင်သည်ဟုယူဆသောသူများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ပြီး တရားစွဲဆိုသွားရန် အစီအစဉ်များပြုလုပ်လျက်ရှိကာ တကသအဖွဲ့ဝင်များကမူ မတရားသောဥပဒေများ၊ တရားရေးစနစ်ပျက်ယွင်းမှုနှင့် ဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ယခုကဲ့သို့ ဆန္ဒပြလှုံ့ဆော်မှုများကိုဆက်လက်ပြုလုပ်သွားမည်ဟုပြောကြားခဲ့သည်။

*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ အီလဲဗင်း/မြန်မာ*

**ရတနာပုံတက္ကသိုလ်မှ အဖမ်းဆီးခံကျောင်းသားများ၏ စာမေးပွဲဖြေဆိုခွင့်ရရန်တင်သွင်းသည့် အာမခံပယ်ချခံရ**

ဇွန်လ ၂၆ ရက်နေ့က ရတနာပုံတက္ကသိုလ်မှခ်ဦးအား လက်ပံတန်းကျောင်းသားသပိတ် အကြမ်းဖက်ဖြိုခွဲခံရပြီးနောက် ဖမ်းဆီးခဲ့သည့်ကျောင်းသားများ ပြန်လွှတ်ပေးရေး၊ အကြမ်းမဖက်ရေးရည်ရွယ်ချက်ဖြင့် မှတ်ဆေးဖြင့်စာရေးသားခဲ့သည့်အတွက် ဇူလိုင်လ ၁ ရက်နေ့တွင် အဖမ်းဆီးခံခဲ့ရသည့် ကိုနိုင်ရဲဝေ၊ ကိုဂျစ်တူး၊ ကိုဉာဏ်လင်းထက်နှင့် ကိုအောင်ဆန်းဦးတို့က စက်တင်ဘာလ ၁၇ ရက်မှ ၂၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်သော တက္ကသိုလ်စာမေးပွဲကိုဝင်ရောက်ဖြေဆိုခွင့်ရရန် အာမခံတင်သွင်းခဲ့ရာ တရားရုံးကပယ်ချခဲ့သည်။ ကျောင်းသားများက ဩဂုတ် ၁၂ ရက် တတိယအကြိမ်မြောက်ရုံးချိန်းတွင် အာမခံတင်သွင်းခဲ့ခြင်းဖြစ်ပြီး တရားရုံးက ကျောင်းသားများအနေဖြင့် နောက်ထပ်ဆန္ဒပြမှုများထပ်မံပြုလုပ်နိုင်သည့်အတွက် အခြားသော ကျောင်းသားများတွင် စိတ်အနှောင့်အယှက်နှင့် အာရုံပျက်ပြားမှုများဖြစ်ပေါ်လာနိုင်သည့်အတွက်ကြောင့် ယခုကဲ့သို့အာမခံပယ်ချခြင်းဖြစ်သည်ဟုဆိုသည်။ ရုံးထုတ်ချိန်ဆယ်မိနစ်ခန့်သာကြာမြင့်ခဲ့သော အာမခံပယ်ချခံရသည့် ရုံးချိန်းပြီးနောက် တရားရုံး၏ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ကိုနိုင်ရဲဝေက အစာငတ်ခံဆန္ဒပြခဲ့ပြီး ထောင်အာဏာပိုင်များက ကျောင်းသားလေးဦးလုံးကို တိုက်ပိတ်ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ကျောင်းသားများက ရတနာပုံတက္ကသိုလ်မှခ်ဦးတွင် "အမျိုးသားပညာရေး ဥပဒေ အလိုမရှိ" "သာယာဝတီအကျဉ်းထောင်အတွင်းမှ ကျောင်းသားများ ချက်ချင်းလွှတ်" အစရှိသည့် စာသားများရေးသားခဲ့ခြင်းကြောင့် လှုံ့ဆော်မှု၊ ဆူပူအုံကြွမှု၊ အားပေးကူညီမှုနှင့် တရားမဝင်စုဝေးမှု စသည့်စွဲချက်များဖြင့် ပုဒ်မ ၁၄၃၊ ပုဒ်မ ၁၄၇၊ ပုဒ်မ ၅၀၅ (ခ)၊ ပုဒ်မ ၁၈ တို့ဖြင့် တရားရင်ဆိုင်ရလျက်ရှိသည်။ အမည်မဖော်လိုသည့် ထောင်အာဏာပိုင်တစ်ဦးက ကျောင်းသားများကို ၂၄ နာရီလုံး စောင့်ကြည့်လျက်ရှိသည်ဟု ပြောကြားခဲ့ပြီး မိသားစုထောင်ဝင်စာတွေ့ခွင့်ကိုမူ တားမြစ်ခဲ့သည်။ အထိန်းသိမ်းခံကျောင်းသား ကိုဉာဏ်လင်းထက်မှာ နောက်ဆုံးရုံးချိန်းကြားနာမှုနှစ်ခုကတည်းက ဆေးဝါးကုသမှုခံယူရန်လိုအပ်လျက်ရှိသည်ဟု မိသားစုဝင်တစ်ဦး၏ ပြောကြားချက်အရသိရသည်။

*၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်၊ မြန်မာတိုင်းမ်*

# မြေယာသိမ်းဆည်းမှုများ

**လယ်သမားများနှင့် တက်ကြွလှုပ်ရှားသူများ ဒဏ်ငွေချမှတ်ခံရ**
စကေရင်မျိုးဆက် ကျောင်းသားအစည်းအရုံးတွင် တည်းခိုမှုဖြင့် လယ်သမားနှင့်တက်ကြွလှုပ်ရှားသူ ၉ ဦးကို ရဲတပ်ဖွဲ့က ဩဂုတ်လ ၇ ရက်နေ့ ညတွင် ဖမ်းဆီးခဲ့ပြီး မြို့ပြကာကွယ်ရေး အက်ဥပဒေအရ ဧည့်စာရင်း တိုင်ကြားရန်ပျက်ကွက်သည့်အတွက် ဘားအံမြို့နယ်တရားရုံးက ဒဏ်ငွေ ချမှတ်ခဲ့သည်။

[၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်၊ Human Rights Watch (အင်္ဂလိပ်)]
[၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်၊ Karen News (အင်္ဂလိပ်)]

**ဆန္ဒပြသူ ၈ ဦးအာမခံဖြင့်လွတ်မြောက်**

ရာဇသတ်ကြီးဥပဒေ ကျူးကျော်မှု ပုဒ်မ ၄၄၇၊ အကျိုးစီးပွါးပျက်စီးစေမှု ပုဒ်မ ၄၂၇ တို့ဖြင့် တရားရင်ဆိုင်နေရသည့် မြေယာအရေး ဆန္ဒပြသူ ရှစ်ဦးဖြစ်သည့် ဦးသောင်း၊ ဦးမောင်အေး၊ ဦးထွန်းထွန်း၊ ဦးဇော်ကြီး၊ ဦးဘိုထွန်း၊ ဦးသန်းရှိန်၊ ဦးဘိုနီ၊ ဦးဝင်းတင်တို့အား ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် အာမခံဖြင့် လွှတ်ပေးလိုက်ကြောင်း သိရှိရသည်။

**ဘိုးဘွားပိုင်လယ်ယာမြေကို ပြန်လည်ရယူလိုမှုဖြင့် ဆန္ဒပြသူကို ထောင်ဒဏ် တစ်လချမှတ်**
အောင်ထွန်းလင်း(ဘ) ဦးထွန်းထွန်းသည် သူ၏အဘွားမြေအား ပြန်လည်ရရှိရန် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ရာ ပြည်မြို့နယ်တရားရုံးမှ (၁၇-၈-၂၀၁၅) ရက်နေ့တွင် ငြိမ်းစုစီ ပုဒ်မ ၁၉ ဖြင့် အား ထောင်ဒဏ် (၁) လချမှတ်ခဲ့သည်။ အောင်ထွန်းလင်း၏ အဘွားဖြစ်သူ ပြည်မြို့၊ နဝဒေးရပ်ကွက် ပေါက်ပင်စခန်းတွင် နေထိုင်သူ ဒေါ်စိန်အေး၏ ဓါးမဦးချခုတ်ထွင်ရှင်းလင်းပြီးလုပ်ကိုင်သော မြေစာရင်းပုံစံ (၇) နှင့် မူလမြေလုပ်သူ ဒေါ်စိန်အေး၏ အမည်ပေါက် မြေခွန်ပြေစာရှိသော အနောက်ရွာသစ် ကွင်းအမှတ်-(၄၀၅-ဘီ)၊ ကွင်းအမည်-မအူမြောင်၊ ဦးပိုင်အမှတ်-(အန်-၁၁) y အမျိုးအစားမြေ၊ မြေချိန် ဧရိယာ(၂၀၀)ကေမြေအား အစိုးရနှင့်နီးစပ်သူ ယခင်မြို့နယ်ပါတီယူနစ်ကောင်စီအဖွဲ့ဝင်များက စစ်တပ်ကသိမ်းဆည်းသည်ဟုပြောပြီး လိမ်လည်သိမ်းယူခဲ့သောကြောင့် ယခုအစိုးရသစ်လက်ထက်တွင် မသိမ်းဆည်းမှန်းသိသည့်အခါ တရားမျှတစွာ ကုစားမှုရရှိရန်အတွက် တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်နေသည့်ဟုပြောဆိုနေသော ရပ်ကွက်ရပ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်မြေစာရင်း၊ တရားရုံးများကို ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ရာ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်နှင့် လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်ကို ကာကွယ်မပေးဘဲ ပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

# မီဒီယာများမှ AAPP ၏ လှုပ်ရှားမှုများ

**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) နှင့် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ (BP)တို့ ပူးပေါင်း၍ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအတွက် အစီရင်ခံစာ ထုတ်ပြန်ခြင်းနှင့် ဆွေးနွေးပွဲကျင်းပ**

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) နှင့် မြန်မာ့အရေးပူးပေါင်းဆောင်ရွက်သူများ (BP) တို့ပူးပေါင်း၍ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို ဘယ်လိုကာကွယ်ပေးမလဲဆိုသည့်အစီရင်ခံစာတစ်စောင်ကို ထုတ်ပြန်ခဲ့ပြီး အဆိုပါ အစီရင်ခံစာတွင် မြန်မာနိုင်ငံတွင်းရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများရင်ဆိုင်နေရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ထုတ်နုတ်ဖော်ပြထားကာ ကာကွယ်ရန်နည်းလမ်းများ၊ အခြေအနေကို ပိုမိုတိုးတက်အောင်ကူညီပေးနိုင်မည့် မူဝါဒပိုင်းဆိုင်ရာ အကြံပြုချက်များ ပါဝင်သည်။ ထိုအစီရင်ခံစာထုတ်ပြန်မှုနှင့်အတူ ဆွေးနွေးပွဲတစ်ရပ်ကိုပါ ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာပြည်တွင်းရှိ လူ့အခွင့်အရေးကာကွယ်သူများ၏ လက်ရှိအခြေအနေများကို ပိုမိုအဆင်ပြေစွာဆောင်ရွက်နိုင်ရေးအတွက် အကျိုးရှိသောဆွေးနွေးချက်များဖြင့်ကူညီပေးနိုင်ရန်ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

"လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို ဘယ်လိုကာကွယ်ပေးမလဲ" ဆိုသည့် အစီရင်ခံစာတွင် လယ်ယာမြေ၊ အလုပ်သမား၊ LGBTIQ၊ အမျိုးသမီး၊ တိုင်းရင်းသား အခွင့်အရေးများနှင့်ပတ်သက်သည်များကို ဖော်ပြထားပြီး နယ်ပယ်စုံမှလူ့အခွင့်အရေးလှုပ်ရှားနေသူ ၇၅ဦးကို တွေ့ဆုံမေးမြန်းထားရာ လူ့အခွင့်အရေးလှုပ်ရှားသူများ ဘေးကင်းလုံခြုံရေးအတွက် တရားစီရင်ရေးနှင့်ဥပဒေပြုရေးများကို အမြန်ဆုံးပြင်ဆင်ရေးဆွဲရန်အကြံပြုထားသည်။

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများကို လတ်တလောတွင် အရေးယူမှုများမြင့်တက်လျက်ရှိသည့်ကြားထဲမှ အဆိုပါအဖွဲ့နှစ်ဖွဲ့က လူ့အခွင့်အရေး ကာကွယ်သူများအပေါ် ဖိနှိပ်ချုပ်ချယ်မှုများကို အဆုံးသတ်ရန် တိုက်တွန်းပြောကြားလိုက်သည်။

*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၇ ရက် ၊ မြန်မာနိုင်ငံတကာရုပ်သံသတင်း*
*၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် ၊ မြန်မာတိုင်းမ်*

# နိဂုံးချုပ်နှင့်သုံးသပ်ချက်

ယခုလတွင် တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ လယ်သမားများနှင့် အလုပ်သမားများကို လွတ်လပ်စွာဆန္ဒထုတ်ဖော်မှုများအတွက် တရားရုံးများတွင်တရားစွဲဆိုမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

ယခုလအတွက် အရေးကြီးသော အကြောင်းရင်းတစ်ခုမှာ မတ်လ ၁၀ရက်အကြမ်းဖက်ဖြိုခွင်းမှုခံရမှုတွင် ဖမ်းဆီးထိန်းသိမ်းခံနေရပြီး တရားရင်ဆိုင်နေရသည့် ကျောင်းသားများအပေါ် အာဏာပိုင်များ၏ ပြုမူမှုများဖြစ်သည်။ ထိန်းသိမ်းခံကျောင်းသားအများစုမှာ စတင်အဖမ်းဆီးခံရပြီးနောက် လပေါင်းများစွာ အကျဉ်းထောင်ထဲ၌ အထိန်းသိမ်းခံနေရပြီး ငြိမ်းစုစီးပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုမှုများကိုရင်ဆိုင်နေရသည်။ ယခုကဲ့သို့ ပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုချက်များကြောင့် ဆက်လက် ရင်ဆိုင်ရမည့် တရားရင်ဆိုင်မှုများအတွက် ကာလရှည်ကြာစွာ ထိန်းသိမ်းခံနေရမည်ဖြစ်သည်။

နောက်တစ်ချက်မှာ အထိန်းသိမ်းခံကျောင်းသားအများစုသည် အကြမ်းဖက်ဖြိုခွင်းခံရစဉ်အတွင်းက ရရှိခံစားခဲ့ရသည့် ဒဏ်ရာများအတွက် မိသားစုဝင်များမှ လုံလောက်သောဆေးကုသမှုပေးရန် အကြိမ်များစွာ တောင်းဆိုခဲ့သော်လည်း စီစဉ်ပေးခြင်းမရှိသောကြောင့် ကျန်းမာရေးအခြေအနေဆိုးရွားစွာ ခံစားရလျက်ရှိသည်။ ထို့ပြင်နိုင်ငံတကာ ဥပဒေက တရားစီရင်ချက်မချရသေးသည့် အကျဉ်းသားများကို အပြစ်မဲ့သူအနေဖြင့်ယူဆပြီး ထိုကဲ့သို့ဆက်ဆံရမည်ဟု သတ်မှတ်ပြဌာန်းထားသော်လည်း စီရင်ချက်မချခံရသေးသည့်ကျောင်းသားများက စာမေးပွဲဖြေဆိုခွင့်အတွက် အာမခံတင်သွင်းခဲ့သော်လည်း ပယ်ချခြင်းခံခဲ့ရသည်။ ထိုကဲ့သို့ အာမခံပယ်ချခြင်းခံရသောကြောင့် ကျောင်းသားတစ်ဦးမှာ အစာငတ်ခံဆန္ဒပြခဲ့ပြီး အဆိုပါကျောင်းသားအပါအဝင် ကျောင်းသားလေးဦးမှာ တိုက်ပိတ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရသည်။ ကျောင်းသားများ၏ ရွေးကောက်ပွဲအပေါ် အကျိုးဆက်ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေးလှုပ်ရှားမှုများပြုလုပ်မည်ကို နှိမ်နင်းရန်နှင့် ထိန်းသိမ်းခံကာလ ရှည်ကြာစေရန်အတွက် အာဏာပိုင်များက ထပ်မံတရားစွဲဆိုမှုများပြုလုပ်ခြင်း၊ စာမေးပွဲဖြေဆိုခွင့်အာမခံပယ်ချခြင်းနှင့် ပြင်းထန်သည့်ဒဏ်ခတ်ဆောင်ရွက်မှုများပြုလုပ်ခြင်းများကို စံနမူနာပြနည်းလမ်းများအဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။

ထိုနည်းတူစွာပင် အဖမ်းဆီးခံလက်ပံတန်းကျောင်းသားများနှင့် တက်ကြွလှုပ်ရှားသူများသည်လည်း ငြိမ်းစုစီးပုဒ်မ ၁၈ ဖြင့် ယခုလတွင် တရားစွဲဆိုမှု အများအပြားကိုရင်ဆိုင်ခဲ့ရသည်။ ငြိမ်းစုစီးဥပဒေသည် အပြင်ပန်းအားဖြင့်မူ ပြည်သူများ၏ ဆန္ဒထုတ်ဖော်မှုအခွင့်အရေးကို ကာကွယ်ရန်တည်ရှိနေသော်လည်း ယင်းဥပဒေကို အလွန်အကျွံအသုံးပြု၍ တက်ကြွလှုပ်ရှားသူများအား ပြစ်မှုတူပုဒ်မများဖြင့် မြို့နယ်အများအပြား၊ တရားရုံးအများအပြားတွင် တရားစွဲဆိုမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ယခုကဲ့သို့ပြစ်မှုတူပုဒ်မများဖြင့် တရားစွဲဆိုခြင်းများသည် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်ကိုဖိနှိပ်ထိန်းချုပ်ရန်နှင့် လာမည့်နိုဝင်ဘာ ရွေးကောက်ပွဲ၏အကျိုးဆက်အပေါ် အများနှင့် သဘောထားကွဲလွဲဆန့်ကျင်သည့် အစိုးရ၏သိသာပေါ်လွင်သောဆန္ဒကို ပြဆိုညွှန်ပြလျက်ရှိသည်။

လက်ပံတန်းကျောင်းသားသပိတ် အကြမ်းဖက်ဖြိုခွင်းမှုတွင် ပါဝင်ခဲ့သူ ရဲအရာရှိနှစ်ဦးကို အကြမ်းဖက်မှုများနှင့်တရားစွဲဆိုရန်တင်သွင်းသည်ကို ပယ်ချလိုက်ခြင်းသည် မြန်မာနိုင်ငံတွင်တရားရေးမဏ္ဍိုင်မှာ အရေးတကြီး ပြုပြင်ပြောင်းလဲရန် လိုအပ်နေသည်ကိုပြသလိုက်ခြင်းဖြစ်သည်။ အမှီအခိုကင်းသည့်တရားစီရင်ရေး ကင်းမဲ့နေမှုသည် အမှန်တကယ်တာဝန်ရှိသူများဒဏ်ခတ်မခံရမှုများ ဆက်လက်ဖြစ်ပေါ်ရန်ခွင့်ပြုပေးခြင်းနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဥပဒေများ တလွဲအသုံးပြုကာ ထောင်သွင်းအကျဉ်းချရန်အားပေးအားမြှောက်ပြုနေခြင်းဖြစ်သည်။

နိုဝင်ဘာလတွင်ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှမှုရှိရန်အတွက် ကာလရှည်ပြစ်ဒဏ်များချမှတ်ခြင်းများနှင့် တက်ကြွလှုပ်ရှားသူများကို ထိန်းသိမ်းခြင်းများပြုလုပ်နေသည့် နည်းလမ်းများကို ရပ်တန့်ပစ်ရန်၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ လွတ်ပေးရန်မှာ အလွန်အရေးပါသည့်ကိစ္စရပ်ဖြစ်သည်။

**ကုလသမဂ္ဂ၏ အကျဉ်းသားများအပေါ်ဆက်ဆံသင့်သည့်**
**စံသတ်မှတ်ချက်စည်းမျဉ်းများကို အောက်ပါလင့်တွင်ရယူနိုင်သည်။**
http://www.ohchr.org/EN/ProfessionalInterest/Pages/TreatmentOfPrisoners.aspx

**ဆက်သွယ်မေးမြန်းနိုင်ရန်**
**နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀)၈၁ ၂၈၇၈ ၇၅၁**
**ဘိုကြည် တွဲဘက်အတွင်းရေးမှူး +၆၆(၀) ၈၁၉၆၂ ၈၇၁၃**

# အရေးပါသော ဆက်စပ်သတင်းများ ဖတ်ရန် Links

### ဩဂုတ်လ ၇ ရက်

ကုလသမဂ္ဂသတင်းပြန်ကြားရေးစင်တာ၊ ရန်ကုန်၏ ထုတ်ပြန်ကြေညာချက်၊ ယူအန်အိုင်စီ ရန်ကုန် (အင်္ဂလိပ်)

### ဩဂုတ်လ ၈ ရက်

ရခိုင်ဒေသသို့သွားရောက်ရန် မစ္စရန်ဟီလီအား အစိုးရမှ ခွင့်မပြု၊ ဒီဗွီဘီ (အင်္ဂလိပ်)

### ဩဂုတ်လ ၁၀ ရက်

ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် ရခိုင်သို့သွားရောက်ရန် တားမြစ်ခံရ၊ မဇ္ဈိမ (အင်္ဂလိပ်)

### ဩဂုတ်လ ၁၁ ရက်

လက်ပံတန်းကျောင်းသားသပိတ်အကြမ်းဖက်ဖြိုခွင်းခံရမှုတွင် ပါဝင်ခဲ့သည့် ရဲအရာရှိနှစ်ဦးကို ဥပဒေကြောင်းအရအပြစ်ပေးအရေးယူရန်တရားရုံးသို့တင်သွင်းရာ ပယ်ချခံရ၊ ဧရာဝတီ (အင်္ဂလိပ်)

### ဩဂုတ်လ ၁၂ ရက်

စစ်မျိုးဆက် ကရင်ကျောင်းသားအစည်းအရုံးဥက္ကဋ္ဌကို ဖမ်းဆီးထိန်းသိမ်း၊ လွတ်လပ်သည့် အာရှအသံ

ကျောင်းသားများ၏ ရဲအရာရှိများအပေါ်တန်ပြန်တရားစွဲဆိုမှုနှင့် အာမခံ ပယ်ချခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)

### ဩဂုတ်လ ၁၅ ရက်

စစ်မျိုးဆက်ကရင်ကျောင်းသားအစည်းအရုံးဥက္ကဋ္ဌကိုဖမ်းဆီးထိန်းသိမ်း၊ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ (အင်္ဂလိပ်)

လယ်ယာမြေအရေးလှုပ်ရှားသူများနှင့် လယ်သမားများ ဒဏ်ငွေချမှတ်ခံရ၊ လူ့အခွင့်အရေးစောင့်ကြည့်မှုအဖွဲ့ (အင်္ဂလိပ်)

### ဩဂုတ်လ ၁၆ ရက်

စစ်မျိုးဆက်ကရင်ကျောင်းသားအစည်းအရုံးဥက္ကဋ္ဌကိုဖမ်းဆီးထိန်းသိမ်း၊ ကရင်သတင်းစဉ် (အင်္ဂလိပ်)

လယ်ယာမြေအရေးလှုပ်ရှားသူများနှင့် လယ်သမားများ ဒဏ်ငွေချမှတ်ခံရ၊ ကရင်သတင်းစဉ် (အင်္ဂလိပ်)

### ဩဂုတ်လ ၁၇ ရက်

ဒေါ်စုစုနွေး ထောင်ဒဏ်၁၅ရက်ချမှတ်ခံရပြီး ပြန်လည်လွတ်မြောက်၊ ဧရာဝတီ (အင်္ဂလိပ်)

### ဩဂုတ်လ ၁၈ ရက်

သင့်တင့်သောလုပ်ခရရှိရေးနှင့် တရားမဝင်အလုပ်ထုတ်ပယ်မှုများကို ဆန္ဒထုတ်ဖော်ခဲ့သည့် စက်ရုံအလုပ်သမားများ ထောင်ဒဏ်ချမှတ်ခံရ၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

### ဩဂုတ်လ ၂၀ ရက်

လက်ပံတောင်းအရေးဆန္ဒပြသူ တက်ကြွလှုပ်ရှားသူများ ထောင်ဒဏ်ထပ်မံချမှတ်ခံရ၊ ဒီဗွီဘီ (အင်္ဂလိပ်)

ဒေါ်စုစုနွေးထောင်မှပြန်လည်လွတ်မြောက်၊ အက်ဖ်အိုင်ဒီအိတ်ချ် (အင်္ဂလိပ်)

### ဩဂုတ်လ ၂၁ ရက်

စစ်ကောရင်မျိုးဆက်ကျောင်းသားအစည်းအရုံးဥက္ကဋ္ဌကို တရားစွဲရုံးထုတ်၊ ဒီဗွီဘီ

### ဩဂုတ်လ ၂၄ ရက်

Failed Law လှုပ်ရှားမှုပြုလုပ်ခဲ့သော တက္ကသိုလ်ကျောင်းသားများကို ပုဒ်မ ၁၈ ဖြင့် တရားစွဲမည်၊ အီးလဲဗင်း

ကျောင်းမုန့်ဦးတွင် မှတ်ဆေးဖြင့်စာရေးသားဆန္ဒထုတ်ဖော်ခဲ့သည့်ကျောင်းသားများ၏ စာမေးပွဲဖြေဆိုခွင့်အတွက် အာမခံပယ်ချခံရ၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)

### ဩဂုတ်လ ၂၅ ရက်

လက်ပံတန်းကျောင်းသားသပိတ်အကြမ်းဖက်ဖြိုခွဲခဲ့သည့် ရဲတပ်ဖွဲ့ဝင်များကို ဥပဒေကြောင်းအရ အပြစ်ပေးအရေးယူရန် အထိန်းသိမ်းခံကျောင်းသားများတောင်းဆို၊ လွတ်လပ်သောအာရှအသံ (အင်္ဂလိပ်)

### ဩဂုတ်လ ၂၇ ရက်

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများက တရားစီရင်ရေးစနစ်ကို ပြုပြင်ရန် တိုက်တွန်း၊ မြန်မာနိုင်ငံတကာရုပ်သံ (အင်္ဂလိပ်)

### ဩဂုတ်လ ၃၁ ရက်

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများကို လွတ်ပေးရန် တက်ကြွလှုပ်ရှားသူများက တောင်းဆို၊ မြန်မာတိုင်းမ် (အင်္ဂလိပ်)